**အမျိုးသားပညာရေးဥပဒေကိစ္စ ညှိနှိုင်းဆွေးနွေးရန် သတ်မှတ်ထားသော ရက် (၆၀) အလွန်**
**ကျောင်းသားများ၏လှုပ်ရှားမှုများအပေါ် အရပ်ဘက်အဖွဲ့ အစည်းများ၏ သဘောထားကြေငြာချက်**

၂၃ ရက် ဇန်နဝါရီလ ၂၀၁၅

၁။ အသွင်ကူးပြောင်းရေးကာလ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုသည် တိုင်းပြည်အနာဂတ်အတွက် အခြေခံကျပြီး အလွန်အရေးကြီးပါသည်။

၂။ ဆွေးနွေးမှုပြုလုပ်ရန် ကျောင်းသားများတောင်းဆိုခဲ့သော ရက် (၆၀) ကျော်လွန်ပြီဖြစ်သောကြောင့် ကျောင်းသားများသည် ပညာရေးဥပဒေအပေါ် ဆန့်ကျင်ဆန္ဒပြမှုများကို တစ်ဖန် ပြန်လည်စတင်လာရာ မန္တလေးမှရန်ကုန်သို့ ဇန်နဂါရီ ၂၀ ရက်နေ့က စတင်ချီတက်လာပြီး အခြားဒေသများတွင်လည်း အမျိုးသားပညာရေး ဥပဒေအပေါ် ဆန့်ကျင်သည့် လှုပ်ရှားမှုများ စတင်ဆောင်ရွက်လာပြီဖြစ်သည်။

၃။ ကျောင်းသားများတောင်းဆိုထားသော အမျိုးသားဥပဒေ ပြင်ဆင်ရန် အချက် (၁၁) ချက်သည် နိုင်ငံ၏ အနာဂတ် ဒီမိုကရေစီပညာရေး စနစ်အတွက် အခြေခံကျပြီး အရေးပါသောအချက်များဖြစ်သည့်အလျောက် မိမိတို့အရပ်ဘက် အဖွဲ့ အစည်းများ အနေဖြင့် အပြည့်အဝ ထောက်ခံပါသည်။

၄။ ကျောင်းသားများ ပညာရေးဥပဒေအပေါ် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆန့်ကျင်သည့်လှုပ်ရှားမှုများ ပြုလုပ်စဉ် ကာလ နေ့ခင်းဘက် ကျောင်းသားများလှုပ်ရှားမှုများ ပြုလုပ်နေစဉ်အချိန်တွင်ဖြစ်စေ အများပြည်သူ မမြင်သာသည့် ကျောင်းသားများအနားယူစဉ် ညအချိန်များတွင်ဖြစ်စေ အစိုးရအာဏာပိုင်များ အနေဖြင့် မည်သည့်နည်းလမ်းဖြင့်မျှ အကြမ်းဖက်မှုများ လုံးဝ (လုံး၀) မပြုလုပ်ရန် အထူး တိုက်တွန်းတောင်း ဆိုပါသည်။

၅။ နိုင်ငံတော်အစိုးရနှင့် လွှတ်တော်အနေဖြင့် ကျောင်းသားများနှင့် ညှိနှိုင်းဆွေးနွေးခြင်းများ အမြန်ဆုံးပြုလုပ်၍ ပညာရေးဥပဒေအား ပြင်ဆင်ရေးကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ရန် တိုက်တွန်း လိုက်ရပါသည်။

၆။ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် နိုင်ငံတကာအစိုးရများ အထူးသဖြင့်ပညာရေးကဏ္ဍနှင့် လူငယ်ရေးရာကဏ္ဍ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့ အစည်းနှင့်အစိုးရများ၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍပြုပြင်ပြောင်း လဲရေးတွင် ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီ တစ်ခုခုဖြစ်စေ နှစ်ခုလုံးဖြစ်စေ ပံ့ပိုးနေသော အဖွဲ့ အစည်းများ နှင့်အစိုးရများ အနေဖြင့်လည်း အမျိုးသားပညာရေးဥပဒေကို ဒီမိုကရေစီစံညွှန်းများနှင့် ကိုက်ညီသော ဥပဒေ တစ်ရပ်အဖြစ် ပြန်လည်ပြင်ဆင်နိုင်ရေးကိုသာ ဦးစားပေးသည့် စစ်မှန်ပြီး ထိရောက်သော အကူအညီများ ပေးရန်၊ မြန်မာနိုင်ငံ အစိုးရနှင့် လွှတ်တော်တို့အား ကျောင်းသားများနှင့် ညှိနှိုင်းဆွေးနွေးမှု ဖြစ်ပေါ်လာရေး တိုက်တွန်းကြရန် မိမိတို့ အနေဖြင့် လေးလေးနက်နက် တင်ပြတောင်းဆိုအပ်ပါသည်။

**အထက်ပါ ကြေငြာချက်ကို အားပေးထောက်ခံသည့် အရပ်ဘက်အဖွဲ့ အစည်းများ**

1. အကြမ်းမဖက်တရားမျှတမှုပေါ်ပေါက်ရေးလှုပ်ရှားမှုကော်မတီ

2. အဖြူရောင်တွဲလက်များ
3. လူမှုဘဝ ဖွံ့ ဖြိုးတိုးတတ်ရေးအဖွဲ့
4. National Youth Congress (အမျိုးသားလူငယ်ကွန်ဂရက်)
5. Action Committee for Democracy and Development (ACDD)
6. Generation Wave
7. Public Welfare Network
8. ကရင်နီပြည် လူငယ်များ သမဂ္ဂ (UKSY)
9. Triangle Women Support Group
10. သင့်မြတ်လိုသူများ ဘာသာပေါင်းစုံ လူငယ်များအဖွဲ့
11. Human Rights Defenders and Promoters-HRDP
12. Green Network Sustainable Environment Group, Magway
13. Magway EITI Watch Group, Magway.
14. Hands of Unity Group, Magway
15. Management & English Learning Center, Magway
16. Social Care Volunteer Group, Magway
17. Farmer Right and Development Organization, Magway
18. Mintae' Village Development Group, Pwint Byu
19. Organic Agro & Farmer Affair Development Group, Pwint Byu
20. Green Future Environmental Activities Group, Yenangyaung
21. ပုံတောင်ပုံညာ စောင့်ကြည့်ရေးအဖွဲ့, ထီးလင်း
22. ကျောက်ထပ်ကျေးရွာစာကြည့်တိုက်, အထက် မင်းလှ
23. အနာဂတ်အလင်း
24. Freethinkers
25. Youth Development Network
26. ကြို့ပင်ကောက်လူငယ်ကွန်ယက်
27. ငြိမ်းချမ်းရေးလူငယ်အဖွဲ့ (နတ်တလင်း)
28. ဥပေက္ခာလူမှုကူညီရေး (ပေါင်းတည်)
29. FREELAND Organization (Lashio)
30. Northern Shan State Youth Network
31. ကရုဏာလက်များ (မိတ္ထီလာ)
32. မိတ္ထီလာလူငယ်ကွန်ယက်
33. ပျိုးခင်းသစ်ဖောင်ဒေးရှင်း (မအူပင်)
34. ComReG
35. လက်တွဲကူမယ်ပြည်လူငယ်
36. မေတ္တာရိပ် (တောင်ငူ)
37. အစ္စလာန်လူငယ်အဖွဲ့
38. စိမ်းရောင်စို (တံတားဦး)

39. AWDO ဧရာဝတီ မြစ်အနောက်ဖက် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု
40. လွတ်လပ်သော အရှိုချင်းများအင်အားစု (ငဖဲမြို့၊ မကွေးတိုင်း)
41. အထက်မြန်မာနိုင်ငံရှေ့နေများကွန်ရက်
42. Equality Myanmar
43. United ACT
44. Colors Rainbow
45. Ray of Rainbow
46. ဧရာဝတီလူငယ်ကွန်ယက်
47. မျိုးဆက်သစ် (ရှမ်းပြည်)
48. Farmers and Landworkers Union (Myanmar)
49. ကဗျာချစ်သူများအသင်း
50. Center for Youth and Social Harmony
51. Voluntary Internship Program
52. Forum for Democracy in Burma
53. Students and Youth Congress of Burma
54. Burma Partnership
55. မြန်မာနိုင်ငံရှေ့နေများကွန်ယက်
56. Women's League of Burma
57. Kaung Rwai Social Action Network
58. The Seagull
59. ရွှေမင်းသားဖောင်ဒေးရှင်း
60. Mandalay Islam Student Youth (MISY)
61. Women and Peace Action Network (Shan State)
62. Back Pack Health Workers Team (BPHWT)
63. We Generation